ဆပ်အိုင်ကျေးရွာ

သဖန်းကုန်းကျေးရွာအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဆပ်အိုင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

မေလ၊ ၂၀၂၆

## မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ

စကားချီး ၁-၂

ဆပ်အိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

ဆပ်အိုင်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၇

(က) လူဦးရေဆိုင်ရာ အချက်လက်များ ၇

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မဲ့ရှာတမှု ၇

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၈

(ဃ) ကျန်းမာရေး နှင့် အာဟာရ ၈

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၈-၉

(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၉

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၉

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၉

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၀

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၀

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၀

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၁

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၁

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၁

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၁-၁၂

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၂

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၂
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၄

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၄
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၄
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်အုပ်စုခွဲခြားခြင်း ၁၅
(ဂ) ဦးစားပေး စီမံချက်များ ၁၅
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၁၆

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၁၆-၁၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၁၇
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၁၇
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၁၈
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၁၈

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၁၈
(က) ကြီးကြပ်စစ်ဆေးခြင်း ၁၉
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၀

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၂၀**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၀-၂၁
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား ၂၁-၂၅
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား ၂၅-၂၆
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂၆-၂၇
ဇယား ၅ ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များ ၂၇-၂၈
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၂၈
ဇယား ၇ ဝမ်းစာဖူလုံမှု ၂၉
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ ၃၀

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ၃၁-၃၂

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ** ၃၃

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ၃၃-၃၄
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ ၃၄-၃၅
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၃၅-၃၆
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၃၆-၃၇
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ ၃၇-၃၈
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၃၈
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု ၃၉
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ ၄၀
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ ၄၁
ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၄၂
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ ၄၃-၄၄
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၄၄-၄၅
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ၄၆-၄၇
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ၄၈
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ ၄၈-၄၉
ဇယား ၂၅ ရွှေ့ပြောင်းသွားရခြင်း၏ အဓိကအကြောင်းရင်းများ ၄၉
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၅၀
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ ၅၀-၅၁
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ၅၁-၅၃
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ ၅၃-၅၄
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း ၅၄-၅၅
ဇယား ၃၁ ကျောင်းတက်နှုန်း ၅၅
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ ၅၆
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ ၅၇
ဇယား ၃၄ အဖြစ်များသောရောဂါများ ၅၈
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၅၉
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ ၅၉
ဇယား ၃၇ သောက်သုံးရေရရှိမှု ၆၀
ဇယား ၃၈ အိမ်သာအမျိုးအစား ၆၁
ဇယား ၃၉ ကျား-မရေးရာ ၆၂
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ ၆၃
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု ၆၄

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး ၆၅
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၆၆
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ ၆၆
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ ၆၇
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၆၇
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၆၈
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ ၆၉

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၀

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

**ကိုးကားစာရင်း** ၇၅

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၆/၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၃၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆပ်အိုင်ကျေးရွာ
ဇလွန်မြို့နယ်

## သဖန်းကုန်းကျေးရွာအုပ်စု၊ ဆပ်အိုင်ကျေးရွာ သယံဇာတပြမြေပုံ



## သဖန်းကုန်းကျေးရွာအုပ်စု၊ ဆပ်အိုင်ကျေးရွာရာသီခွင်ပြက္ခဒိန်

# ဆပ်အိုင်ကျေးရွာရာသီခွင်ပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | စိုက်ပျိုးရေး(လယ်ယာ) | ပဲနှုတ် | ထွန်ရေးမြှင် / ပေါင်းဖြ | ထွန်ရေးမြှင် / ပေါင်းဖြ | ပေါင်းသတ် အားဖျူး | မြေဩဇာကျွေး | စပါးရိတ်သိမ်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | မတ်ပဲစိုက် | ဆေးဖျန်း | ဆေးဖျန်း / ပဲနှုတ် | ပဲနှုတ် |
| ၃။ | မွေးမြူရေး | | ကြက် | | ဘဲ | | ဝက် | | နွား | | မြင်း | | |
| ၄။ | စိုက်ပျိုးရေး(ခြံ) | မြေပြင် | မြေပြင် | ကွမ်း/ကုသိ ပင်ရိုက် | | ကွမ်းချူး | ကွမ်းချူး/ ပေါင်းနှုတ် | ကွမ်းရှင်း | | | | | |
| ၅။ | ကျန်းမာရေး | | | ချောင်းဆိုးတုတ်ကွေး | ချောင်းဆိုးတုတ်ကွေး | ချောင်းဆိုးတုတ်ကွေး | ချောင်းဆိုးတုတ်ကွေး | | အအေးမိ နှာစေး | အအေးမိ နှာစေး | | | |
| ၆။ | ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| ၇။ | ပွဲလမ်းသဘင် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | | ဝါဆိုသင်္ကန်း ကပ်လှူပွဲ | | | မီးထွန်းပွဲ | ကထိန်ပွဲတော် | | ကရင်နှစ်သစ်ကူး ပွဲတော် | ထမနဲပွဲ | ဘုရားပွဲ |
| ၈။ | ဝင်ငွေ | ဝင်ငွေကောင်း | အသင့်အတင့် | နည်းပါး | နည်းပါး | နည်းပါး | အသင့်အတင့် | ဝင်ငွေကောင်း | ဝင်ငွေကောင်း | အသင့်အတင့် | အသင့်အတင့် | ဝင်ငွေကောင်း | ဝင်ငွေကောင်း |
| ၉။ | ထွက်ငွေ | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | နည်းပါး | နည်းပါး | နည်းပါး | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | ထွက်ငွေများ | ထွက်ငွေများ |

Scanned with CamScanner

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါ သည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှု များပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဆပ်အိုင်ကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက်အရပ်တွင်တည်ရှိပါသည်။ ဆပ်အိုင်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြေပြန့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တနိုင်တပိုင်မွေးမြူရေး လုပ်ကိုင်ကြပါသည်။ တစ်နှစ်ပတ်လုံးတွင်(၅)လခန့် မိုးရွာသွန်းပါသည်။ ကျေးရွာသည် ဇလွန်မြို့နှင့် (၄)မိုင် ကျော်ကွာ ဝေးပြီး ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ မှာ(၄၀)အထက်ရှိပြီး လယ်မြေသည် စပါး၊ ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ဆပ်အိုင်ကျေးရွာသည် ကျောက်နှင့်သဲ တွင်းထွက်သယံဇာတများ၊ သဘာဝအပင် မျိုးစိတ်များရရှိနိုင်မှုမရှိပါ။စားကျက်မြေမှသီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ လင်းနေဇုန်းပင်၊ ပဲတန်းကောပင်၊ကိုင်းကျုံနီပင်တို့ကို အနည်းငယ် သာတွေ့ရှိနိုင်ပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ဆပ်အိုင်ကျေးရွာတွင် အိမ်ခြေ(၆၀)အိမ်၊ အိမ်ထောင်စု (၆၁၀)နှင့် လူဦးရေ (၁၅၂) ဦး၊ ကလေးငယ်အရွယ်ကျား(၃)ဦး၊မ(၂)ဦး၊စုစုပေါင်း(၅)ဦး၊ ကျောင်းနေအရွယ် ကျား(၆) ဦး၊ မ(၁၃)ဦးစုစုပေါင်း(၁၉)ဦး၊ အလုပ်လုပ်နိုင်သောအရွယ်ကျား (၅၄)ဦး၊မ(၄၈)ဦးစုစုပေါင်း(၁၀၂)ဦး၊ သက်ကြီးရွယ်အိုကျား(၁၀)ဦး၊မ(၁၆)ဦးစုစုပေါင်း(၂၆)ဦးရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ကြပါသည်။ကျေးရွာတွင် အမျိုး သား (၇၅) ဦး၊ အမျိုးသမီး (၇၇)ဦးရှိသဖြင့် ကျား၊မအချိုးများပြားစွာကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင် သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီး ပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေ နိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ဆပ်အိုင်ကျေးရွာတွင် လယ်စိုက်ပျိုးရေး အများဆုံးလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တို့တွင် နေ့စားအလုပ်လုပ်ကိုင်ခြင်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသူများလည်းရှိပါသည်။လယ်လုပ်ငန်းအဓိကလုပ်ကိုင်သူ(၆၀)%၊ လယ်လုပ်ငန်းများတွင် ရာသီအလိုက် နေ့စား အလုပ်လုပ်ကိုင်သူ (၄၀) % ရှိကြောင်း လေ့လာတွေ့ရှိရ ပါ သည်။

ဆပ်အိုင်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ(၂၂၈)ကေ၊ စားကျက်မြေ၊ယာမြေ၊ ကိုင်းမြေ၊ ဓနိတောမြေ၊ မြေလွတ်မြေလပ်များ မရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အလယ်အလတ်ရှိသောအိမ်ထောင်စု (၃၅)အိမ်၊ မပြေလည်သော အိမ်ထောင်စု(၂၀)အိမ်၊ အလွန်မပြေလည်သော အိမ်ထောင်စု(၅)အိမ် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင်အိမ်ထောင်စု(၆၀)အနက်မြေယာမဲ့အိမ်ထောင်စု(၂၇)အိမ်ရှိကြောင်း၊ ၂.၅ကေအောက် တောင်သူ အိမ်ထောင်စု(၉)အိမ်၊၂.၅ကေမှ၅ကေကြား တောင်သူငယ် အိမ်ထောင်စု(၈)အိမ်၊အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၂)အိမ်ရှိကြောင်း၊၅ကေမှ၁၂.၅ကေကြား တောင်သူလတ် အိမ်ထောင်စု(၁၃)အိမ်နှင့် ၁၂.၅ကေအထက် တောင်သူကြီးအိမ်ထောင်စု(၃)အိမ်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ဆပ်အိုင်ကျေးရွာသည် လယ်ကိုအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် လယ် စိုက် ပျိုးရေး သုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၃)စီး၊ လက်တွန်းထွန်စက်(၂၀)စီးနှင့် ရိတ်သိမ်းစက်(၁)စီး ရှိကြောင်း၊ ကျေးရွာမှ စုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်/အဖွဲ့ပိုင် စက်ကိရိယာများ

မရှိကြောင်း၊ အခြားဝင်ငွေရ လုပ်သားများ မှာ ရာသီမရွေး အလုပ်လုပ်ကိုင် နိုင်ခြင်းကြောင့် ဝင်ငွေ/ ထွက်ငွေ မမျှတ၍ စီးပွားရေး အခက်အခဲ နှစ်စဉ်ကြုံတွေ့နေရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ဆပ်အိုင်ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၆၀)အနက် (၃)လအောက် ဝမ်းစာဖူလုံမှုရှိ၍လုပ်အားခကြိုယူသူအိမ်ထောင်စု(၅)အိမ်ရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၂)အိမ်ရှိကြောင်း၊ အထောက်အပံ့ယူ၍သော်လည်းကောင်း၊ လုပ်အားခကြိုယူ၍စားသောက်ရကြောင်း၊ ကျန်ရှိသောအိမ်ထောင်စုများမှာ လုပ်အားခယူ၍ သော်လည်းကောင်း စားဝတ်နေရေး ဖြေရှင်းကြကြောင်း တွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို (၆၄)နှစ်အထက်မရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၂)အိမ်ရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်နှင့် ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်သော အခြေအနေအတွင် အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ(၃)လအောက်ဝမ်းစာဖူလုံမှု၊စားနပ်ရိက္ခာမဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေး အတွက် ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်းတွေ့ရှိရပါသည်။ ဆပ်အိုင်ကျေးရွာသည် သဘာဝအရင်းအမြစ် (မြေ၊ စိုက်ပျိုးရေးရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင် ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ၊တိရစ္ဆာန်ကူးစက် ရောဂါကျရောက်မှု၊ လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုးမရှိကြောင်းတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ဆပ်အိုင်ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယ ဖြစ်ပွားမှုနည်းကြောင်း၊ ရာသီတုအလိုက် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ နှာစေးချောင်းဆိုးရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုမရှိပါ။ Covid-19 ရောဂါကူးစက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာအနီးတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျေးရွာနှင့်(၄)မိုင်အကွာတွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး ကျန်းမာရေးအတွက်အခက်အခဲမရှိကြောင့် လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဆပ်အိုင်ကျေးရွာတွင် စာမတတ်သူ ကျား(၄)ဦး ရှိပြီး မူလတန်းအဆင့်ရှိ သူဦးရေ ကျား(၄၉)ဦး၊မ(၄၀)ဦး၊စုစုပေါင်း(၈၉)ဦးရှိကြောင်း၊ အလယ်တန်းအဆင့် ရှိသူဦးရေ ကျား (၁၃)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း(၂၃)ဦး ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၄)ဦး၊မ (၁၁)ဦး၊

စုစုပေါင်း(၁၅)ဦးရှိကြောင်း၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေ ကျား(၆)ဦး ၊မ(၇)ဦး၊ စုစုပေါင်း(၁၃)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

ဆပ်အိုင်ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၅)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၁၃)ဦးရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၂)ဦး၊မ(၅)ဦး၊စုစုပေါင်း(၇)ဦးရှိကြောင်း၊ အထက်တန်းအဆင့် မ(၂)ဦး၊ စုစုပေါင်း (၂)ဦးရှိ ကြောင်း၊ တက္ကသိုလ် / ကောလိပ်အဆင့် ကျား(၁)ဦး၊မ(၁)ဦး၊ စုစုပေါင်း(၂)ဦးရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ဆပ်အိုင်ကျေးရွာတွင်စာသင်ကျောင်းမရှိသော်လည်းကျေးရွာအနီးတွင်အလယ်တန်းကျောင်း ရှိခြင်းကြောင့် ပညာရေးအခက်အခဲမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ဆပ်အိုင်ကျေးရွာရှိ ကျား၊ မရေးရာ အခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက် သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံ အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုနည်းပါးကြောင်း ၊လွန်ခဲ့သော နှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင် ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင် ရာများအတွက် ကျေးရွာသူ/ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာသည် လယ်လုပ်ငန်း ကိုအဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သဖြင့် လယ်နှင့် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အား ခနှုန်းထားအများဆုံးမှာ (၂၀၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၁၅၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခ နှုန်းထားအများဆုံးမှာ (၁၅၀၀၀)ကျပ်၊အနည်းဆုံးမှာ (၁၂၀၀၀)ကျပ်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်းလုပ်ကိုင်ကြသည့် ယောကျ်ားလေးလုပ်အားခအများဆုံးမှာ (၂၅၀၀၀)ကျပ် အနည်းဆုံးမှာ (၂၀၀၀၀)ကျပ်၊ အမျိုးသားနှင့်အမျိုးသမီးများ ခွဲခြားဆက်ဆံမှုမရှိပဲ လုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ အနည်းငယ် ကွာခြားမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ဆပ်အိုင်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့၊ လူငယ်အဖွဲ့တို့ရှိပြီး လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ ကျား၊မ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများ ရှိပါသည်။ ကျေးရွာသည်ကျေးရွာသားများသည် ဗမာလူမျိုးအများစုဖြစ်ကြပြီး ကျေးရွာတွင် အခြေခံအဆောက်အဦ သင့်တင့်ကောင်းမွန်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ဆပ်အိုင်ကျေးရွာတွင် စပါးနှင့်မတ်ပဲအား အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး စပါးစိုက်ဧက (၂၂၈)ဧက၊အများဆုံး(၈၀)တင်း၊ အနည်းဆုံး(၅၀)တင်ထွက်ရှိပြီး (၁)ဧကပျမ်းမျှ (၇၀)တင်း၊ မတ်ပဲ(၂၂၈)ဧက ရှိပြီး(၁)ဧက အများဆုံး(၂၀)တင်း၊အနည်းဆုံး(၇)တင်းနှင့်ပျမ်းမျှ အထွက်နှုန်း (၁၃)တင်း ထွက်ရှိကြောင်း၊ သီးနှံများ ဖြစ်ထွန်းမှု အကျိုးအမြတ်မှာလည်း သင့်တင့်ကောင်းမွန်ပါကြောင်း စပါးနှင့်မတ်ပဲ ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာ၏ သီးနှံအထွက်နှုန်းကောင်းစေရန်အတွက် အခွင့်အလမ်း ကောင်းများမှာ လယ်အဓိကစိုက်ပျိုသောကျေးရွာဖြစ်သဖြင့် လယ်မြေကိုကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သော နည်းပညာများလိုအပ်ကြောင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုး ရေး အတွက် လိုအပ်သောသွင်းအားစု ရေကို အဝီစိတွင်းတို့မှ တိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေဆီလွှာ သင့်တင့် ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ဆပ်အိုင်ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်များ၊ ခြွေလှေ့စက်များအသုံးပြု၍ ထုတ်ကုန်များရရှိရန် အသုံးပြုကြပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုမှာလည်းစိုက်ပျိုးရေးအတွက်ရရှိပါသည်။စိုက်ပျိုးရေးနည်းပညားများလိုအပ်လျက်ရှိပါသည်။

ဆပ်အိုင်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု(၄) အိမ်၊ အကောင်ရေ(၉)ကောင်၊ မြင်းမွေးမြူသောအိမ်ထောင်စု(၆) အကောင်ရေ(၁၀) ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၇) အကောင်ရေ(၁၁)ကောင်ရှိကြောင်းနှင့် ကျွဲ၊ မြည်း၊ လား၊ သိုးမွေး မြူသော အိမ်ထောင်စု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် နွား၊ ကြက်၊ မြင်းမွေးမြူရေး ကဏ္ဍများတွင် ပြဿနာအခက်အခဲများရှိ၍ စီးပွားဖြစ်မွေးမြူ ကြခြင်းမဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ဆပ်အိုင်ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက် မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သောအိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်လုပ်ကိုင်ကြခြင်း၊ အရောင်းအဝယ် လုပ်ငန်းများ၊ အစိုးရဝန်ထမ်းများ၊ ဒေသထွက်ကုန်များအား အခြားမြို့များသို့ ကယ်ရီပို့ဆောင်ခြင်းအလုပ်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ဆပ်အိုင်ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ စီမံခန့်ခွဲမှု စနစ်၌ လယ်အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်စိုက်ပျိုးရေးလုပ်ငန်းတို့မှထွက်ရှိသော အမှိုက်များအား မြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက် ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်

လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွား မှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုး ကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေသြဇာသုံးစွဲမှု နည်းပါး ပြီးအလွယ်တကူအသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေး နည်းပညာများရရှိရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဆပ်အိုင်ကျေးရွာတွင် လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်း ပြား ၈၀ နှင့် Woori ချေးငွေများမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်း (၂.၅)ကျပ်ဖြင့်ချေးယူသုံးစွဲကြပါသည်။ လယ်သမားများသည် ချေးငွေကိုအဓိကအားဖြင့်ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ အတွက် ချေးယူကြကြောင်း တွေ့ရှိရ ပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေး တင်ရှိမှုကိုလေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှု အသင့်အတင့် ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဆပ်အိုင်ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူအိမ်ထောင်စု (၂၅) အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု (၆၀) အိမ်ရှိကြောင်း၊ တုံကင်တွင်းတို့မှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာရှိ အိမ်သာသုံးစွဲမှုမှာကျေးရွာတစ်ရွာလုံး သန့်ရှင်းသောယင်လုံ အိမ်သာသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ကောင်းမွန်ပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျထားခြင်း၊ပလတ်စတစ်အိပ်များ၊ ဆေးဝါး များ စနစ်တကျသုံးစွဲခြင်း၊စိုက်ပျိုးရေးသုံးဗူးခွံများအား စွန့်ပစ်နိုင်ရေးအတွက် အမှိုက်ကန်နှင့် အမှိုက်ပုံး များ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ဆပ်အိုင်ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့်ဘာသာရေး ဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာဆောင်ရွက်ကြသည်။ ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသောကြောင့် ဘုရားပွဲများ၊ ရွာဘုံကထိန်ပွဲများ နှစ်စဉ်ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာ တွေ့ ရှိရပါသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ဆပ်အိုင်ကျေးရွာရှိ ရွာအဝင်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် လမ်းမှာပျက်စီးနေသောကြောင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းရန်အတွက် လိုအပ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

ဆပ်အိုင်ကျေးရွာသည် လျှပ်စစ်မီးရရှိသည့်ကျေးရွာဖြစ်သော်လည်း အချို့သော အိမ်ထောင်စုများမှာ စီးပွားရေးအခက်အခဲများကြောင့် ဆိုလာသုံးစွဲသူအိမ်ထောင်စု(၂၅)အိမ်နှင့် အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော အိမ်ထောင်စု(၂၄)အိမ် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိရေး အတွက် ဖုန်း(၈၀)လုံး၊ရေဒီယို(၃)လုံး၊ တီဗွီ(၁၃)လုံး၊ mpt၊ telenor၊ mytel ဆက် သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၄)မိုင်ကျော် ကွာဝေးသော အနီးဆုံးဈေး "ဇလွန်ဈေးဟောင်း'သို့ ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီတို့ဖြင့် သွားလာ ကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာသည် ပစ္စည်းစုံ ဝန်ဆောင်မှုများ အတွက် ( ၂၀ )မိုင် အထက်ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ အငှားကား၊ ထော်လာဂျီတို့ဖြင့် သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ စက်ဘီး(၂၂)စီး၊ ဆိုင်ကယ်(၃၃)စီးနှင့် ထော်လာဂျီ(၁၃)စီး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ဆပ်အိုင်ကျေးရွာတွင် လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, mytel ကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ဆပ်အိုင်ကျေးရွာတွင် ကြက်ခြေနီအဖွဲ့၊ လမ်းကော်မတီအဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့တို့ရှိပြီး ကျေးရွာသူကျေးရွာသားများအားလုံးနှင့် အသင်းနှင့် ပေါင်းစပ်၍ ကျေးရွာတစ်ရွာလုံးစည်း စည်းလုံးလုံးဖြင့် သာရေး၊ နာရေးကိစ္စအဝဝ ပူးပေါင်းဆောင်ရွက်မှုအား ကောင်းကြောင်း တွေ့ရှိရပါသည်။စိုက်ဘဏ်ချေးငွေအဖွဲ့နှင့် Woori ချေးငွေများမှ လယ်လုပ်ငန်းနှင့်ခြံလုပ်ငန်း များအတွက် ချေးငွေလက်လှမ်းမီကြောင့် တွေ့ရှိရပါသည်။

ဆပ်အိုင်ကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြပါကြောင်း လေ့လာ တွေ့ရှိရ ပါသည်။ ကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ရွာအနီးရှိ ကျေးလက်

ဆေးပေးခန်းရှိပြီး ကျေးရွာနှင့်(၄)မိုင်အကွာတွင် ဇလွန်ပြည်သူ့ဆေးရုံရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ဆပ်အိုင်ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းမှာ (၄၇၀၀)ပေ အကျယ်(၁၂ပေ) မြေသားလမ်းမှာ လက်ရှိပျက်စီးနေပြီဖြစ်သောကြောင့် ရာသီမရွေး ဖြတ်သန်းသွားလာ နိုင်ရန်အတွက် ကွန်ကရစ်လမ်း ခင်းနိုင်ပါက ကျေးရွာတွင်း သွားလာရေးတွင် သာမကယာဉ်များအတိမ်းအရှောင်၊ ကျန်းမာရေး ကိစ္စအဝဝတွင် သုံးဘီးကားများ လယ်ယာကုန်ထုတ်ယာဉ်များ အဆင်ပြေစွာဖြတ်သန်း သွားလာနိုင်မည် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့သည် ကျေးရွာတွင်းလမ်း ၂(၅၆၅'x၃'x၆")ကွန်ကရစ်လမ်းခင်းခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုပ်တို့သည် ကျန်ရွာတွင်း(၄၁၀၀'x၆'x၆") လမ်းကွန်ကရစ်ခင်းခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့သည် ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပေးခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၄) ကျွန်ုတို့သည် စိုက်ပျိုးရေးနည်းပညာများထောက်ပံ့ပေးခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၅)ကျွန်ုတို့သည် အခြေခံလျှပ်စစ်မီးသွယ်တန်းခြင်းနည်းပညာပေးသင်တန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၆) ကျွန်ုတို့သည် အခြေခံမိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြု စုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင် ရရှိ ခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ် များကို လည်းသတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံ ချက်များ နှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုး ရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော် ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည်နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ ကိုလည်းဖော်ထုတ် သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာ နိုင်ပါမည်။ ထို့ကြောင့် ငါးနှစ် တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုး ရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီး မြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲ ဖြတ်ရာတွင်စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံ ချက်ရေးဆွဲရာတွင် လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၆ ၂၀၂၇ | ၂၀၂၇ ၂၀၂၈ | ၂၀၂၈ ၂၀၂၉ | ၂၀၂၉ ၂၀၃၀ | ၂၀၃၀ ၂၀၃၁ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | Â | | | | |
| ၂ | ကျန်ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း | ၂ | | Â | | | |
| ၃ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ | | | Â | | |
| ၄ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | ၄ | | | | Â | |
| ၅ | အခြေခံလျှပ်စစ်မီးသွယ်တန်းခြင်းနည်းပညာပေးသင်တန်း | ၅ | | | | | Â |
| ၆ | အခြေခံမိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း | ၆ | | | | | Â |

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင် ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာ ဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|
| | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း | √ | | | |
| ၂ | ကျန်ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း | √ | | | |
| ၃ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | √ | | | |
| ၄ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | √ | | | |
| ၅ | အခြေခံလျှပ်စစ်မီးသွယ်တန်းခြင်းနည်းပညာပေးသင်တန်း | √ | | | |
| ၆ | အခြေခံမိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း | √ | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြား

မှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု(physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက် များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ်ကုန် ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံ စာ(monitoring report)ကို ရွာလူထု အစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

